ရောင်းချရန်ကြော်ငြာစာ

(တရားမကျင့်ထုံးဥပဒေအမိန့် - ၂၁၊ နည်းဥပဒေ-၆၆)

**<u>ဧယျာဝတီရိခရိုင်တရားရုံးတော်</u>**

၂၀၂၃ ခုနှစ် ၊ တရားမဇာရီမှုအမှတ် - ၂၇

| | | |
|---|---|---|
| ကမ္ဘောဇဘဏ်လီမိတက်၊ နေပြည်တော်ဘဏ်ခွဲ-၂<br>(၎င်း၏ကိုယ်စားလှယ်ဘဏ်ခွဲမန်နေဂျာဦးမျိုးမင်းထွန်း) | နှင့် | ဒေါ်သီတာဝင်း<br>(ကိုယ်တိုင်နှင့် ကွယ်လွန်သူဦးဇော်မြင့်ထွန်း ၏တရားဝင်ကိုယ်စားလှယ်) |
| (တရားနိုင်) | | (တရားရှုံး) |

ဧယျာဝတီရိခရိုင်တရားရုံးတော် ၊ **တရားမကြီးမှုအမှတ်-၁၁/၂၀၂၂** အမှု၏ အနိုင်ဒီကရီကို အတည်ပြု ဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို **၂၀၂၄ ခုနှစ် ၊ မတ် လ ၊ ၆ ရက် ၊ နံနက် ၁၀:၀၀** နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော် လည်းကောင်း ၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေငြာလိုက်သည်။

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း ၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်အကြောင်း ၊ လေလံဆွဲဝယ်မည့်သူ တို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည် ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံး ပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိ က ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည် နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်း မပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်း မှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅% နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချ သည့်နေ့ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက် သည့်နေ့ရက်သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင်ပေးဆောင်ရန်ပျက်ကွက်ပါကပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၄ ခုနှစ် ၊ ဇန်နဝါရီလ၊ ၂၆ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

(မောင်မောင်လွင်)
ဒုတိယခရိုင်တရားသူကြီး
ဧေယျာသီရိခရိုင်တရားရုံး

**ပစ္စည်းစာရင်း**

နေပြည်တော် ၊ ဇေယျာသီရိခရိုင် ၊ ဇေယျာသီရိမြို့နယ် ၊ နန်းသြကျေးရွာအုပ်စု၊ ကွင်းအကွက် အမှတ်-ကြေး/၇(ကြေးပြင်ကွင်း)၊ ဦးပိုင်အမှတ်-(၅၈/၁)၊ဧရိယာ(၁.၀၀)ကေရှိ ဂရန်မြေကွက်နှင့် ထိုမြေပေါ်ရှိ အဆောက်အဦအရပ်ရပ်။

**လေလံကြမ်းခင်းဈေး - ကျပ် သိန်း (၄၃၅၀) သတ်မှတ်သည်။**